Institutional Strengthening and Policy Dialogue Support

# Introduction to Monitoring and Evaluation

# စောင့်ကြည့်စစ်ဆေးခြင်းဆိုသည်မှာ-

- ကြိုတင်ရွေးချယ်ထားသောညွှန်ကိန်းများကို အသုံးပြု၍ အချက်အလက်များကို ပုံမှန်ကောက်ယူခြင်းနှင့် လျာထားချက်အတိုင်း မှန်ကန်စွာဆောင်ရွက်နိုင်မှုရှိ၊ မရှိ စောင့်ကြည့်စိစစ်ခြင်း၊
- စီမံကိန်းလုပ်ငန်းတစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းတိုးတက်မှုအခြေအနေများ ကောင်းမွန်မှုရှိ၊မရှိ၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သူများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုရှိ၊မရှိ အခြေအနေများအား စောင့်ကြည့်စစ်ဆေးခြင်း၊

Institutional Strengthening and Policy Dialogue Support

# အကဲဖြတ်သုံးသပ်ခြင်းဆိုသည်မှာ-

- အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော (သို့) ဆောင်ရွက်ပြီး စီမံကိန်းလုပ်ငန်းတစ်ခု၏ အကျိုးထိရောက်မှု၊ အကျိုးရလာဒ်များအားလည်းကောင်း၊ စီမံကိန်း၏ Design အားလည်းကောင်း၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေတို့အားလည်းကောင်း အကဲဖြတ်သုံးသပ်ခြင်း၊
- စီမံကိန်းတစ်ခု၏ အကျိုးထိရောက်မှု၊ အကျိုးရလာဒ်များကို အကဲဖြတ်သုံးသပ်ရာတွင် Monitoring data များကို ပြန်လည်အသုံးပြုခြင်းများအပြင် ထပ်မံလိုအပ်သည့်အချက်အလက်များကောက်ယူ၍ အကဲဖြတ်သုံးသပ်ခြင်း၊
- အကဲဖြတ်သုံးသပ်ခြင်းအား အများအားဖြင့် ပြင်ပမှကျွမ်းကျင်ပညာရှင်များကို ခေါ်ယူ၍ ဆောင်ရွက်လေ့ရှိပြီး ရရှိလာသည့်အစီရင်ခံစာများအား စီမံကိန်းနှင့်ပတ်သက်၍ စီမံခန့်ခွဲရာတွင် အသုံးပြုခြင်းနှင့် ငွေကြေးထောက်ပံ့ပေးသည့် အဖွဲ့ အစည်းများသို့ ပေးပို့ခြင်း၊

# Monitoring နှင့် Evaluation ကြားမှ အဓိကခြားနားချက်

- ‘M’ : is the project doing things rights?
- ‘E’ : is the project doing the right things?


# M&E က ဘာကြောင့်အရေးကြီးသလဲ ?



# M&E ဆိုတာ......

- ကောင်မွန်တဲ့လုပ်ငန်းစီမံခန့်ခွဲမှုအတွက် အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုပဲ ဖြစ်ပါတယ်။
- စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိကျမှန်ကန်တဲ့ အချက်အလက်များနှင့် စီမံခန့်ခွဲဆောင်ရွက်မှသာ ဆုံးဖြတ်ချက်များချမှတ်ရာတွင် မှန်ကန်တိကျစွာ ချမှတ်နိုင်မည်ဖြစ်ပြီး တွေ့ကြုံရသည့် အခက်အခဲများမှလည်း သင်ခန်းစာယူ၍ ဖြေရှင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

# Institutional Strengthening and Policy Dialogue Support



# Institutional Strengthening and Policy Dialogue Support





What does this picture tell?????

# Programme Logic:

- Programme logic ဆိုသည်မှာ program တစ်ခု၏ ဖြစ်ပေါ်မှု ရလာဒ်အဆင့်ဆင့်ကို သတ်မှတ်ဖော်ပြခြင်းဖြစ်ပါသည်။
- လုပ်ငန်းတစ်ခုကို အောင်မြင်ပြီးမြောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြဿနာ (သို့) အကြောင်းအရာ၏ အရင်းအမြစ်ကို အရင်ရှာဖွေဖော်ထုတ်၍ ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

# Programme Hierarchy of Results



# Inputs (သွင်းအားစု)

- Inputs ဆိုသည်မှာလုပ်ငန်းတစ်ခုကိုဆောင်ရွက်နိုင်ရန်အတွက် အခြေခံလိုအပ်သည့်အရင်းအမြစ်တစ်ခုဖြစ်ပါသည်။ Input မရှိပါက နောက်ထပ်လုပ်ငန်းစဉ်တွေကို ဆက်လက်ဆောင်ရွက်နိုင်မည်မဟုတ်ပါ။

  (ဥပမာ - ဘတ်ဂျက်၊ လူ့စွမ်းအားအရင်းအမြစ်၊ ပစ္စည်း၊ အချိန် စသည်)

# Activities (ဆောင်ရွက်မှု)

- Activities ဆိုသည်မှာ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် အပိုင်းဖြစ်ပြီး Input မှ Output သို့ ပြောင်းလဲပေးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။

# Outputs (ရလာဒ်)

- Outputs ဆိုသည်မှာ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှ ချက်ခြင်း ရရှိလာသည့် ရလာဒ်ကိုဆိုလိုသည်။ Outputs ကို များသောအားဖြင့် အရွယ်အစား ၊ ပမာဏဖြင့် ဖော်ပြလေ့ရှိပါသည်။

  (ဥပမာ- ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအရေအတွက်၊ ဖွင့်လှစ်ခဲ့သည့် သင်တန်းအရေအတွက်၊ တက်ရောက်ခဲ့သည့် သင်တန်းသားအရေအတွက် စသည်)

# Outcomes (အကျိုးရလာဒ်)

- Outcomes ဆိုသည်မှာ ပြီးပြည့်စုံသည့် လုပ်ဆောင်ချက်၊လှုပ်ရှားမှုများမှ ရရှိလာသည့် အကျိုးကျေးဇူး၊ အကျိုးရလာဒ်ဖြစ်ပါသည်။

  (ဥပမာ - အရည်အသွေး/ဗဟုသုတများ တိုးတက်လာခြင်း၊ အပြုအမူများ ပြောင်းလဲလာခြင်း၊)

- Outcome ဆိုသည်မှာ စီမံကိန်းလုပ်ငန်းများမှ တိုက်ရိုက်ရရှိခြင်းမျိုးမဟုတ်ဘဲ အဆိုပါစီမံကိန်းဆောင်ရွက်ပေးမှုမှ ရရှိလာသည့် Output(ရလာဒ်)များ၏ ထုတ်လုပ်မှု၊ အကူအညီ၊ အထောက်အပံ့များမှတဆင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲအကျိုးရလာဒ်များ ဖြစ်ပါသည်။

# Impact (အကျိုးထိရောက်မှု)

- Impact ဆိုသည်မှာ စီမံကိန်းလုပ်ငန်းတစ်ခုမှ ရရှိလာသည့် ပိုမိုကျယ်ပြန့်သော အကျိုးထိရောက်မှု၊ ထောက်ပံ့မှု ဖြစ်ပြီး ချက်ချင်းရရှိသည့် အကျိုးကျေးဇူး (Outcome)ကဲ့သို့ တိုက်ရိုက်သတ်မှတ်ရန် ခက်ခဲပါသည်။

# Goal (ရည်မှန်းချက်ပန်းတိုင်)

- Goal ဆိုသည်မှာ ဖွံ့ဖြိုးရေးလုပ်ငန်းများမှ ရရှိလာသော အကျိုးကျေးဇူးများ၏ ပြောင်းလဲမှုအဆင့်ဆင့်မှတဆင့် ဖြစ်ပေါ်လာသည့် ပြောင်းလဲမှုဖြစ်ပြီး ရေရှည် အမြင့်ဆုံး ရည်မှန်းချက်ပန်းတိုင်ဖြစ်ပါသည်။

# Logical Framework

# The Logical Framework

- log frame ဆိုသည်မှာ စီမံကိန်းများရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းတို့အား ပိုမိုတိုးတက်ကောင်းမွန်စွာဆောင်ရွက်နိုင်ရန်အတွက် Tool (ကိရိယာ) တစ်ခုအနေဖြင့်အသုံးပြုခြင်းဖြစ်ပါသည်။
- log frame သည် စီမံကိန်းတစ်ခု၏ အဓိကလိုအပ်သည့် အချက်အလက်များဖြင့်ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်ပြီး ၎င်းတို့အကြားရှိ ဆက်စပ်မှုများအားသိသာထင်ရှားစွာ ဖော်ပြထားခြင်းဖြစ်ပါသည်။

# The Logical Framework Matrix (LFM)

LFM တွင် စီမံကိန်းနှင့်ပတ်သက်သည့် အဓိကအချက်အလက်များအား အကျဉ်းချုပ်ဖော်ပြထားသည့် columns (၄)ခု ပါရှိပါသည်။

- First Column - Programme Description (or) Intervention Logic
- Second Column - Indicators
- Third Column - Sources of Verification
- Fourth Column - Assumptions/ Risks

# The Logical Framework Matrix (LFM)

| Project Description (စီမံကိန်းဖော်ပြချက်) | Indicators (ညွှန်းကိန်းများ) | Source of Verification (အချက်အလက်မှန်ကန်မှု အားစစ်ဆေးနိုင်မည့် အရင်းအမြစ်များ) | Assumption (ယူဆချက်) |
|---|---|---|---|
| Overall Objective:<br><br>Purpose:<br><br>Results: | | | |

# First Column: Intervention Logic

- Logframe ၏ပထမစာတိုင်မှာ စီမံကိန်းလုပ်ငန်းတစ်ခု၏ (If-then) ကြောင်းကျိုးဆက်နွယ်မှုကို ဖော်ပြသည့် စာတိုင်တစ်ခုဖြစ်ပါသည်။
  - **(IF)** သွင်းအားစု(inputs) ပြည့်စုံမှသာလျှင် **(THEN )** လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။
  - **(IF)** လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်လျှင် **(THEN)** ရလာဒ်များကို ရရှိနိုင်မည်ဖြစ်ပါသည်။
  - **(IF)** ရလာဒ် (output)များကို ထုတ်လုပ်နိုင်မှသာလျှင် **(THEN)** အကျိုးရလာဒ်များကို ရရှိနိုင်မည်ဖြစ်ပါသည်။
  - **(IF)** အကျိုးရလာဒ်များကို ရရှိနိုင်မှသာလျှင် **(THEN)** ရည်မှန်းချက်ပန်းတိုင်ကိုရောက်ရှိအောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

# Fourth Column: Assumptions (ယူဆချက်များ)

- Assumptions (ယူဆချက်)ဆိုသည်မှာ စီမံကိန်း၏ အောင်မြင်မှုအပေါ် လွှမ်းမိုးနိုင်သည့် ပြင်ပမှ အကြောင်းအရာများဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သူမှ တိုက်ရိုက်ထိန်းချုပ်နိုင်ခြင်းမရှိသော အကြောင်းအရာများ ဖြစ်ပါသည်။
  - ရလာဒ်များနှင့် ယူဆချက်များတွေ့ဆုံနိုင်မှသာ အကျိုးရလာဒ်များကို ရရှိနိုင်မည်ဖြစ်ပါသည်။
  - အကျိုးရလာဒ်များနှင့် ယူဆချက်များတွေ့ဆိုနိုင်မှသာ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

# Second Column : Indicators (ညွှန်းကိန်းများ)

- Indicators (ညွှန်းကိန်းများ) ဆိုသည်မှာ ချမှတ်ထားသည့် ရည်မှန်းချက်များ အပေါ် အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်မှု အခြေအနေကို တိုင်းတာရန်နှင့် အစီရင်ခံတင်ပြနိုင်ရန်အတွက် အသုံးပြုခြင်းဖြစ်ပါသည်။
  (အရေအတွက်၊ အရည်အသွေး၊ အချိန် စသည်တို့ဖြင့် ဖော်ပြလေ့ရှိပါသည်။)
- ရည်မှန်းချက်တစ်ခုအတွက် Indicator သတ်မှတ်ရာတွင် တစ်ခါတစ်ရံ တစ်ခုထက်ပို၍ အသုံးပြုဖော်ပြလေ့ရှိပါသည်။ (ဥပမာ- အရေအတွက် နှင့် အရည်အသွေးနှစ်မျိုးစလုံးဖြင့် တိုင်းတာဖော်ပြရန် လိုအပ်သည့်အခါ)
- သို့သော် Indicator အများကြီးကို အသုံးပြု၍ဖော်ပြခြင်းကို ရှောင်ရှားသင့်ပါသည်။

# Third columns : Sources of Verification

- SOV(အချက်အလက်မှန်ကန်မှုအား စစ်ဆေးနိုင်မည့် အရင်းအမြစ်များ) ကို အောက်ပါအတိုင်း သတ်မှတ်နိုင်ပါသည်-
  - အချက်အလက်များကို မည်သို့ကောက်ယူမည် (သို့) မည်သည့်စာရွက်စာတမ်းများမှ ရရှိနိုင်သလဲ ?
  - မည်သူကအချက်အလက်များကောက်ယူမည် (သို့) အချက်အလက်များကို ပေးနိုင်သလဲ ?
  - အချက်အလက်များကို မည်သည့်အချိန်တွင် မည်သည့်နည်းလမ်းဖြင့် ပုံမှန်ပေးနိုင်မည်နည်း?

# logframe and indicator ကြားရှိ ပညာရပ် ဝေါဟာရများ

| Logframe objective terminology | Indicator terminology |
|---|---|
| Overall objective | Impact indicators |
| Purpose | Outcome indicators |
| Result | Output indicators |

# logframe ကို အသုံးပြု၍ M&E system တစ်ခုကို ဒီဇိုင်းရေးဆွဲခြင်း

M&E system တစ်ခုရေးဆွဲရာတွင် အဓိကစဉ်းစားရမည့် အချက်များမှာ-

- M&E system သည် logfram နှင့် တိုက်ရိုက်ချိတ်ဆက်နေရမည်။
- Logframe တွင် စောင့်ကြည့်စစ်ဆေးမှုတွင် အသုံးပြုမည့် indicators များကို တိကျစွာသတ်မှတ်ထားပါသည်။
- အချက်အလက်များကို မည်သူကကောက်ယူမည်၊ အကဲဖြတ်မည်ကို သတ်မှတ်ဖော်ပြထားရမည်။
- အချက်အလက်များကို မည်သည့်အချိန်တွင် မည်ကဲ့သို့ အစီရင်ခံတင်ပြမည်ကို သတ်မှတ်ထားရမည်။

# Institutional Strengthening and Policy Dialogue Support

M&E systems တစ်ခုကိုတည်ဆောက်ရာတွင် ရိုးရှင်းလွယ်ကူစွာတည်ဆောက်မှသာ လုပ်ငန်းဆောင်ရွက်ရန်တွင် လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

- အဓိကလိုအပ်သည့် ညွှန်းကိန်းများကိုသာ အသုံးပြုခြင်း
- ဆုံးဖြတ်ချက်ချမှတ်သူများအတွက် အဓိကလိုအပ်သည့် အချက်အလက်များကို ရိုးရှင်းလွယ်ကူစွာသိရှိနိုင်ခြင်း၊

# အချက်အလက်များ ကောက်ယူခြင်း

- ကောက်ယူထားရှိပြီးဖြစ်သည့် အချက်အလက်များကို အသုံးပြုခြင်း
- အချက်အလက်များ ကောက်ယူခြင်း၊ စီမံခန့်ခွဲခြင်းကို Electronic နည်းပညာများကို အသုံးပြု၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# Institutional Strengthening and Policy Dialogue Support

**အချက်အလက်များ ကောက်ယူရာတွင် အချိန်ကိုက်ဖြစ်ရန် အရေးကြီးပါသည်-**

- Monitoring system တစ်ခုသည် အချက်အလက်များကို လျှင်မြန်စွာ ထုတ်ပေးရန် လိုအပ်ပါသည်။ အချက်အလက်များသည် အချိန်နှင့် တပြေးညီ ဖြစ်မှသာ အခက်အခဲ (သို့) ပြဿနာများကို ဖြေရှင်းရာတွင် အသုံးပြုနိုင်မည်ဖြစ်ပါသည်။
- အချက်အလက်ကောက်ယူသည့်လုပ်ငန်းစဉ်ကို ပိုမိုမြန်ဆန်စေရန်နှင့် အချိန်နှင့်တပြေးညီဖြစ်စေရန်အတွက် ကောက်ယူပြီးသည့် အချက်အလက်များကို လည်းအသုံးပြုရမည်ဖြစ်ပါသည်။

# Institutional Strengthening and Policy Dialogue Support

အချက်အလက်များကို စောင့်ကြည့်စစ်ဆေးရန်အတွက် အချက်အလက် ကောက်ယူခြင်း၊ အကဲဖြတ်ခြင်းများဆောင်ရွက်ရာတွင် အဓိကစဉ်းစားရမည့် အချက်(၂) ချက်မှာ-

- မြို့နယ်အဆင့်တွင် စောင့်ကြည့်စစ်ဆေးမည့် သတင်းအချက်အလက်များကို မည်သူကကောက်ယူမည်နည်း ?
- မြို့နယ်အဆင့်တွင် ကောက်ယူထားသည့် အချက်အလက်များကို မည်သူက စိစစ် အကဲဖြတ်မည်နည်း ?

# M&E Information များကို အသုံးပြုခြင်း

- M&E system မှ ရရှိလာသည့်အချက်အလက်များကို သက်ဆိုင်သူများထံသို့ ပုံမှန်အစီရင်ခံတင်ပြဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- သက်ဆိုင်သူများထံသို့ အချက်အလက်များရောက်ရှိပါက လွယ်ကူအဆင်ပြေစွာ အသုံးပြုဆောင်ရွက်နိုင်ရန်အတွက် ရိုးရှင်း၍ နားလည်ရလွယ်ကူသော ပုံစံများကို အသုံးပြု၍ လုံလောက်သည့်သတင်းအချက်အလက်များကို ပေးပို့ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

# Department of Rural Development's Sector Results Framework

# ကဏ္ဍဆိုင်ရာ ရလဒ်မူဘောင် (Sector Results Framework)

- ကဏ္ဍဆိုင်ရာ ရလဒ်မူဘောင်၏ ပုံစံမှာ logframe matrix နှင့် တူညီပြီး result level ၊ indicators၊ sources of verification နှင့် assumptions တို့မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော စီမံကိန်းများအတွက် သတ်မှတ်ဖော်ပြထားခြင်းဖြစ်ပါသည်။
  - ကျေးလက်ရေးပေးရေး (Water supply)
  - ကျေးလက်မီးလင်းရေး (Rural electrification)
  - အသက်မွေးဝမ်းကျောင်းသင်တန်း (Vocational training)
  - အသက်မွေးဝမ်းကျောင်းလုပ်ငန်း (Microfinance and livelihoods)

- ကဏ္ဍဆိုင်ရာရလဒ်မူဘောင်သည် ကျေးလက်ဦးစီးမှဆောင်ရွက်လျက်ရှိသော စီမံကိန်းတစ်ခုချင်းစီအတွက် ရေးဆွဲထားသော ကဏ္ဍဆိုင်ရာရလဒ်မူဘောင်ခွဲများနှင့် အပြန်အလှန် ဆက်စပ်မှုရှိပါသည်။
- ကဏ္ဍဆိုင်ရာရလဒ်မူဘောင် (SRF)ကို ပြောင်းလဲမှုမရှိစေရန်အတွက် ကဏ္ဍဆိုင်ရာရလဒ်မူဘောင်နှင့် မူဘောင်ခွဲများတွင် အသုံးပြုမည့် code နံပါတ်များ ကို တူညီစွာအသုံးပြုသွားမည် ဖြစ်ပါသည်။
- အဆိုပါ code နံပါတ်များအား အချက်အလက်များကောက်ယူသည့် ပုံစံ(data collection forms) များတွင်လည်းကောင်း၊ MIS စနစ်ဆောင်ရွက်ရာတွင်လည်းကောင်း၊လုပ်ငန်းတိုးတက်မှုအစီရင်ခံစာများ တင်ပြရာတွင်လည်းကောင်း အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# Institutional Strengthening and Policy Dialogue Support

- Sub-sector logframes အား ကျေးလက်ဦးစီးမှုဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းများ ဆောင်ရွက်ရန်အတွက် အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- Sub-sector logframes သည် စီမံကိန်းလုပ်ငန်းများ၏ အချက်အလက်များ ကောက်ယူရာတွင် မည်သည့်အချက်အလက်များကောက်ယူရန် လိုအပ်သည်ကို သတ်မှတ်ပေးနိုင်ပါသည်။

# DRD SRF ကို ဘယ်လိုအသုံးပြုမလဲ ?

- DRD SRF သည် ကျေးလက်ဦးစီးမှဆောင်ရွက်နေသော စီမံကိန်းလုပ်ငန်းများအား စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းများပြုလုပ်ရန် အဓိကအခြေခံ လိုအပ်ချက် တစ်ခုဖြစ်ပါသည်။
- အချက်အလက်များကောက်ယူရာတွင်လည်း SRF တွင်သတ်မှတ်ထားသော အချက်အလက်များအပေါ်မူတည်၍ ကောက်ယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။
- M&E MIS system တစ်ခုတည်ဆောက်ရာတွင်လည်း SRF တွင်ပါဝင်သော အချက်အလက်များကို မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- SRF ၏ result areas အပေါ်အခြေခံ၍ ကောက်ယူထားသော သတင်းအချက်အလက်များသည် ကျေးလက်ဦးစီးမှ ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများအား စီမံခန့်ခွဲမှုများပြုလုပ်ရာတွင်လည်းကောင်း၊ လိုအပ်သောဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်းကောင်း အဓိကလိုအပ်သည့် သတင်းအချက်အလက်များကို ထောက်ပံ့ပေးနိုင်မည်ဖြစ်ပါသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ကဏ္ဍဆိုင်ရာ ရလာဒ်မူဘောင်**

| Intervention logic | Objectively verifiable indicators | Sources of verification | Assumptions |
|---|---|---|---|
| **အထွေထွေရည်ရွယ်ချက်၊ မြန်မာနိုင်ငံ၏ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားစေရန်** | • ကျေးလက်ဒေသများ၏စီးပွားရေးတိုးတက်မှုဖြစ်ပေါ်စေရန်<br>• ဆင်းရဲမှုညွှန်းကိန်းအောက်ရောက်ရှိနေသော ကျေးလက်နေပြည်သူ၏ ရာခိုင်နှုန်းအားလျော့ချရေး<br>• ကျေးလက်လူမှုအထောက်အပံ့များအားတိုးတက်ရရှိစေရေး | • မြို့နယ်အဆင့် GDP အစီရင်ခံစာများ (စီမံကိန်းရေးဆွဲရေး ဦးစီးဌာန)<br>• ၂၀၂၄ ခုနှစ်၌ကောက် ယူမည့် အိမ်ထောင်စု သန်းခေါင်စာရင်း<br>• အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏မြို့နယ်အစီရင်ခံစာ<br>• UNDP မှ ရရှိသော လူမှုဖွံ့ဖြိုးမှုညွှန်းကိန်းများ | |
| **ရည်ရွယ်ချက်၊ အခြေခံလူမှုအဆောက်အဦများနှင့် အသက်မွေးဝမ်းကျောင်းနှင့်ဝင်ငွေတိုးလုပ်ငန်းများအား ကျေးလက်ဒေသများတွင် လူထုဗဟိုပြုကိုအခြေခံ၍ ကျေးလက်လူမှုစီးပွားရေးစနစ်များကို တိုးတက်စေရန်** | *Impact indicators*<br>• ကျန်းမာရေးဆောင်ရွက်မှု၊ ပညာရေးအရည်အသွေးများ မြင့်မားရေး နှင့် ကုန်ထုတ်လုပ်မှုရရှိစေပြီး အခြေခံအဆောက်အဦ များပံ့ပိုးခြင်း၊ ရေရရှိရေးနှင့် မီးလင်းရေးများ လုပ်ဆောင်ကာ ကျေးလက်နေ ပြည်သူများအတွက် လူမှုဖွံ့ဖြိုးမှုများဖြစ်စေခြင်း<br>• ချေးငွေများရရှိကာ စီးပွားရေးလုပ်ငန်းများတိုးတက်စေခြင်းဖြင့် ဝင်ငွေတိုးတက်စေခြင်း<br>• ရွာအဆင့်လုပ်ငန်းများ၏ ဦးစားပေးအစီအစဉ်များကို ဆုံးဖြတ် လုပ်ကိုင်စေခြင်းဖြင့် ပူးပေါင်းပါဝင်မှု တိုးတက်လာစေခြင်း | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှစ်စဉ်အစီရင်ခံစာ<br>• အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏မြို့နယ်အစီရင်ခံစာ<br>• အကျိုးထိရောက်မှုလေ့လာခြင်းစစ်တမ်းများ<br>• အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူများ၏အစီရင်ခံစာများ<br>• လူထုဗဟိုပြုစီမံကိန်းမှ အစီရင်ခံစာများ<br>• UNDPမှ ရရှိနိုင်သော Local Governance အစီရင်ခံစာများ | • ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်အဓိကအရေးပါသောဌာနတစ်ခုအဖြစ်ဆက်လက်တည်တံ့နေမည်<br>• ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် |

| | | | |
|---|---|---|---|
| | | | လုံလောက်သော Budget များရှိနေမည်<br>• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျွမ်းကျင်မှုသည်မိမိ၏ လုပ်ငန်းများကို လုပ်ကိုင်၍ အဆင့်တိုင်း၌ ကျွမ်းကျင်မှုရှိနေမည် |
| **ရလဒ် (၁): တိုးတက်ကောင်းမွန်သောရေဖြန့်ဖြူးရေးအတွက်မျှတသော၊ ထိရောက်သော စွမ်းဆောင်ရည်ရှိသောနှင့် တက်နိုင်သော ဝန်ဆောင်မှုများပေးပြီး လူမှုစီးပွားရေးအခြေအနေများကို တိုးတက်စေရန်** | **အပိုင်း ၁: ရေဖြန့်ဖြူးရေးစီမံခန့်ခွဲမှု အကျိုးရလဒ် ညွှန်းကိန်းများ**<br>၁.(၁).၁ တိုးတက်ကောင်းမွန်ပြီး ရေဖြန့်ဖြူးခြင်းမှရရှိသောများပြားလာသည့်ရွာရာခိုင်နှုန်း<br>၁.(၁).၂ တိုးတက်ကောင်းမွန်ပြီးရေဖြန့်ဖြူးခြင်းမှရရှိသောများပြားလာသည့်အိမ်ထောင်စုရာခိုင်နှုန်း<br>၁.(၁).၃ ရေများကိုသယ်ဆောင်ရာ၌ ကျေးလက်အိမ်ထောင်စုများနေဖြင့် လျော့နည်းလာသောအချိန်<br><br>**ရလဒ် ညွှန်းကိန်းများ**<br>၁.(၁).၁.၁ အိမ်သုံးရေရရှိရေးအတွက် ရေအရင်းအမြစ်များအားရှာဖွေရေးနှင့် စောင့်ကြည့်ရေးစနစ်<br>၁.(၁).၁.၂ မြေအောက်ရေတူးဖော်ရေးမှတ်တမ်းများ၊ မြေအောက် ရေလေ့လာမှုများနှင့် အခြားသော မှတ်တမ်းများအား ကောက်ယူခြင်း၊ စုဆောင်းခြင်းနှင့် Data Entry လုပ်ငန်းများအတွက် Database တည်ဆောက်ခြင်း | ***Outcome SOV***<br>• ရေပေးရေးဌာနမှ အစီရင်ခံစာများ<br>• မြို့နယ် အစီရင်ခံစာများ<br>• အိမ်ထောင်စု စစ်တမ်းများ<br><br>***Output SOV***<br>• ရေပေးရေးဌာနမှ အစီရင်ခံစာများ<br>• မြို့နယ် အစီရင်ခံစာများ<br>• အဝီစိတွင်းတူးမှတ်တမ်း database<br>• Hydrological map<br>• သတင်းပညာပေးလုပ်ငန်းများအတွက်စာစောင်များ | • စီမံဆောင်ရွက်ထားသော ရေဖြန့်ဖြူးရေးအတွက် ပြုပြင်ဆောင်ရွက်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းတို့အတွက် လုံလောက်သော Budget<br>• လုပ်ကိုင်၍ရည်ရွယ်ထားသော နေရာများတွင် ပဋိပက္ခ မရှိခြင်း<br>• ရေပေးရေးစနစ်များ တည်ဆောက်ရာ၌ လုံလောက်သောနည်းပညာဆိုင်ရာပံ့ပိုးမှုရှိခြင်း<br>• ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝဘေးများသည် ရေပေးရေးစနစ် |

| | | | |
|---|---|---|---|
| | ၁.(၁).၁.၃ Hydrological နှင့် geophysical map များ ပြင်ဆင် ခြင်း<br>၁.(၁).၁.၄ ရေအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် ထိန်းသိမ်းကာကွယ်မှု အားအများပြည်သူနားလည်ရန်အတွက် သတင်းပညာပေး လုပ်ငန်းများ | | များကိုမထိခိုက်ပါ<br>• လုံလောက်သန့်ရှင်းသော ရေများသည် ကျေးလက်ဒေသအားလုံးအတွက် လုံလောက်ပါသည် |
| | **အပိုင်း ၂: ရေရရှိရေးစနစ်ပုံစံ၊ စီမံကိန်း ချမှတ်ခြင်းနှင့် အခြေခံအဆောက်အဦ တည်ဆောက်ခြင်း**<br>**အကျိုးရလဒ် ညွှန်းကိန်းများ**<br>၁.(၂).၁ မြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီးများသည် ရေရရှိရေး လုပ်ငန်းများနှင့် ယင်းတို့၏ လုပ်ငန်းဆိုင်ရာ အခြေအနေ များနှင့် ပတ်သတ်၍ လုပ်ငန်းပုံဖော်ရန်၊ စီမံရန်၊ တည် ဆောက်ရေးလုပ်ငန်းများလုပ်ရန်အတွက် စာရင်း ဇယား Database လုပ်ငန်းများကို အသုံးချနိုင်လာခြင်း<br>၁.(၂).၂ ကျေးလက်ရေပေးရေးလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာတိုးတက်ဖွံ့ဖြိုးမှုစံချိန်စံညွှန်းများ | ***Outcome SOV***<br>• ရေပေးရေးဌာနမှအစီရင်ခံစာများ<br>• မြို့နယ်အစီရင်ခံစာများ<br>• ကျေးလက်ရေပေးဝေရေးအတွက် နည်းပညာနှင့်ဆိုင်သောစံချိန်စံညွှန်းများ | |
| | **ရလဒ် ညွှန်းကိန်းများ**<br>၁.(၂).၁.၁ ရေပေးရေးဆိုင်ရာတည်ဆောက်မှုများနှင့် လုပ်ငန်းဆိုင်ရာအခြေအနေများအား သိရှိနိုင်သော Database<br>၁.(၂).၁.၂ လူမှုအဖွဲ့အစည်းများအားရေပေးရေးလုပ်ငန်းများနှင့် ပတ်သတ်၍ Design ပြုလုပ်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလုပ်ဆောင်ခြင်းနှင့် | ***Output SOV***<br>• ရေပေးရေးအရင်းအမြစ်ဆိုင်ရာ အချက်အလက်အစီရင်ခံစာများ<br>• နည်းပညာဆိုင်ရာ လေ့လာသုံးသပ်ချက်များ<br>• တည်ဆောက်ရေး၊ လုပ်ငန်း | |

| | | | |
|---|---|---|---|
| | ပြုပြင်ရေးလုပ်ငန်းများတွင် ပါဝင်လာနိုင်ရေးအတွက် process များ<br>၁.(၂).၁.၃ ရေပေးရေးလုပ်ငန်းလုပ်ဆောင်မှုအသစ်များ | ဆောင်ရွက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းရေးလမ်းညွှန် | |
| | အပိုင်း ၃: ရေအရည်အသွေးအဆင့်အတန်းနှင့် ရေအရင်းအမြစ် လုံခြုံစိတ်ချမှုအစီအမံ<br>**အကျိုးရလဒ် ညွှန်းကိန်းများ**<br>၁.(၃).၁ နိုင်ငံအဆင့်သောက်သုံးရေအရည်အသွေးအဆင့် နှင့်ညီမျှ သောရေအရည်အသွေးများစိစစ်နိုင်ခြင်း<br>၁.(၃).၂ ရေကိုင်တွယ်သုံးစွဲခြင်းနှင့်ပတ်သတ်သော ဗဟုသုတနှင့် အသိပညာများပြောင်းလဲလာခြင်း | ***Outcome SOV***<br>• ရေပေးရေးဌာနမှအစီရင်ခံစာများ<br>• မြို့နယ်မှ အစီရင်ခံစာများ<br>• ရေအရည်အသွေးအစီရင်ခံစာများ<br>• စစ်တမ်းအစီရင်ခံစာများ<br>• ရေအရင်းအမြစ်လုံခြုံရေးစီမံချက်<br>• ရေအရင်းအမြစ်လုံခြုံရေးဆိုင်ရာ လမ်းညွှန်များ | |
| | **ရလဒ် ညွှန်းကိန်းများ**<br>၁.(၃).၁.၁ ပြည်နယ်/တိုင်းဒေသကြီးတို့တွင် ရေအရည်အသွေး စစ်ဆေးရေးကိရိယာများရှိလာခြင်း<br>၁.(၃).၁.၂ သတ်မှတ်ထားသောရွာများတွင် ရေအရည်အသွေး များကိုမှတ်တမ်းထားရှိခြင်း | ***Output SOV***<br>• ရေအရည်အသွေးစစ်ဆေးရေး လုပ်ငန်းစဉ်<br>• ရေအရည်အသွေးစစ်ဆေးရေး ကိရိယာများ<br>• ရေအရည်အသွေးစစ်ဆေးရေး အစီရင်ခံစာများ | |
| | **အပိုင်း ၄: လုပ်ငန်းလုပ်ဆောင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း**<br>**အကျိုးရလဒ် ညွှန်းကိန်းများ**<br>၁.(၄).၁ ကျေးလက်ဒေသလူအဖွဲ့အစည်းများသည် ရေရှည် တည်တံ့ ခိုင်မြဲသောရေပေးရေးဝန်ဆောင်မှုကိုရရှိ လာသည် | ***Outcome SOV***<br>• ရေပေးရေးဌာနမှ အစီရင်ခံစာ များ<br>• မြို့နယ်မှ အစီရင်ခံစာများ<br>• ကျေးရွာရေဖြန့်ဝေမှုစစ်တမ်းများ | |

| | | | |
|---|---|---|---|
| | **ရလဒ် ညွှန်းကိန်းများ**<br>၁.(၄).၁.၁ ကျေးရွာရေရှိရေးကော်မတီဖွဲ့စည်းခြင်း<br>၁.(၄).၁.၂ ရေရရှိရေးလုပ်ငန်းများအား ကျေးရွာရေရရှိရေး ကော်မတီမှကြီးကြပ်ကွပ်ကဲခြင်း<br>၁.(၄).၁.၅ မြို့နယ်ရုံးမှ ကျေးရွာရေရှိရေးကော်မတီအားရေပေးရေး လုပ်ငန်း လုပ်ဆောင်ခြင်းနှင့်ကြီးကြပ်ရေးအတွက်အကြံညဏ် ပေးခြင်း | ***Output SOV***<br>• ကျေးလက်ရေရှိရေးကော်မတီ စစ်တမ်းအစီရင်ခံစာများ<br>• တည်ဆောက်ရေးလုပ်ငန်းစဉ်များ<br>• သင်တန်းအစီရင်ခံစာများ<br>• စီမံခန့်ခွဲမှု လမ်းညွှန်များ | |
| **ရလဒ် ၂: ပိုမိုကောင်းမွန်သောမျှတ၍ တက်နိုင်သော ကျေးလက် မီးလင်းရေးစနစ်သည် ကျေးလက်နေပြည်သူတို့၏လူမှုစီးပွားရေးအခြေအနေကို တိုးတက်စေပါသည်။** | **အကျိုးရလဒ် ညွှန်းကိန်းများ**<br>၂.၁ အားလပ်နားနေချိန်နှင့် အိမ်တွင်းကုန်ထုတ်လုပ်ငန်းများ အတွက်ပုံမှန် အိမ်မှုကိစ္စများမှ အချိန်များစုဆောင်းချွေတာ နိုင်ခြင်း<br>၂.၂ ပညာရေးအတွက်ဖြစ်စေ အိမ်တွင်လေ့လာသည့် အချိန် များပြား လာခြင်းဖြစ်စေ ပညာရေးအကျိုးအမြတ်ရရှိခြင်း<br>၂.၃ လျှပ်စစ်အားကိုအခြေခံသောအလုပ်အကိုင်အခွင့်အလမ်း အသစ် အထူးသဖြင့် လယ်ယာလုပ်ငန်းမဟုတ်သောလုပ်ငန်း များမှတဆင့် ဝင်ငွေတိုးတက်ရရှိစေခြင်း<br>၂.၄ သတင်းအချက်အလက်များတိုးတက်ရရှိစေခြင်း<br>၂.၅ ဆိုးဝါးသောမတော်တဆဖြစ်မှုများလျော့နည်းလာခြင်း | ***Outcome SOV***<br>• အိမ်ထောင်စုစစ်တမ်းများ<br>• ကျေးရွာဆေးပေးခန်းမှ အစီရင်ခံစာများ<br>• ကျောင်းမှအမှတ်စာရင်းရလဒ်များ<br>• ကွင်းဆင်း အစီရင်ခံစာများ | • Mini-grid နှင့် solar panel systemsအတွက် ငွေကြေးလုံလောက်မှု ရှိခြင်း<br>• လုပ်ငန်းလုပ်ဆောင်သောနေရာတွင် ပဋိပက္ခမရှိခြင်း<br>• ကျေးလက်လူမှုအဖွဲ့ အစည်းသည် ယင်းတို့၏ မီးလင်းရေးစနစ်အတွက် ငွေကြေးထည့်ဝင်လိုစိတ် ရှိခြင်း<br>• နည်းပညာဆိုင်ရာပံ့ပိုးမှုသည် Mini-grid နှင့် ဆိုလာစနစ်အတွက် လုပ်ငန်းလုပ်ဆောင် ထိန်းသိမ်းခြင်းအတွက် လုံလောက်ခြင်း |
| | **ရလဒ် ညွှန်းကိန်းများ**<br>၂.၁.၁ ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရရှိမှုတိုးပွား လာခြင်း<br>၂.၁.၂ ဝေးလံခေါင်းပါးရွာများတွင် Pre- electrification စနစ် တည်ဆောက်ခြင်း<br>၂.၁.၃ ကျေးရွာမီးလင်းရေး ကော်မတီဖွဲ့စည်းတည်ထောင်ခြင်း | ***Output SOV***<br>• ကျေးလက်မီးလင်းရေးဌာန အစီရင်ခံစာများ<br>• မြို့နယ်အစီရင်ခံစာများ<br>• ကျေးရွာစစ်တမ်းများ<br>• ပစ္စည်းဝယ်ယူရေး/ငှားရမ်းရေး | |

| | | | |
|---|---|---|---|
| | | အစီရင်ရင်ခံစာများ<br>• လုပ်ငန်းပြီးစီးကြောင်းလက်မှတ်<br>• ပူးပေါင်းဆောင်ရွက်မှုသဘော တူညီချက်<br>• သင်တန်းအစီရင်ခံစာများ<br>• အများပြည်သူ ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှုသဘောတူညီချက် | • သဘာဝဘေးအန္တရာယ် များသည် အဆိုပါ စနစ် အား ထိခိုက်လောက် အောင် မရှိခြင်း |
| **ရလဒ် ၃: ကျေးလက်ဒေသရှိ လူမှုအဖွဲ့အစည်းများအတွက် ကျွမ်းကျင်လုပ်သားများရရှိရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်း များဖြင့် ပံ့ပိုး ဖြည့်စွက်ခြင်း** | **အကျိုးရလဒ် ညွှန်းကိန်းများ**<br>၃.၁ ကျေးလက်နေလူမှုအဖွဲ့အစည်းသည် ကုန်ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုအမျိုးမျိုးအတွက်လိုအပ်သောကျွမ်းကျင်မှု များရရှိခြင်း<br>၃.၂ စီးပွားရေးလုပ်ငန်းအသစ်များတည်ဆောက်ခြင်းဖြင့် ဝင်ငွေများတိုးတက်ရရှိခြင်း<br>၃.၃ ကျေးလက်နေပြည်သူများမှ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လုပ်ကိုင်နိုင်ခြင်း | ***Outcome SOV***<br>• ကျေးရွာစစ်တမ်းများ<br>• အိမ်ထောင်စုစစ်တမ်းများ<br>• စီမံကိန်းရေးဆွဲရေးနှင့် စီမံခန့်ခွဲ ရေးဌာနမှအစီရင်ခံစာများ<br>• မြို့နယ်မှ လစဉ်အစီရင်ခံစာများ | • အသက်မွေးဝမ်းကျောင်း လုပ်ငန်းသင်တန်းများ ပေးရန် လုံလောက်သော ငွေရှိခြင်း<br>• အဆိုပါသင်တန်းများပေး ရန် အတွက် ကျွမ်းကျင် သည့် ဆရာများနိုင်ခြင်း<br>• ကျေးလက်လူမှုအဖွဲ့ အစည်းများမှ အဆိုပါ သင်တန်းများအား စိတ်ပါဝင်စားမှုရှိခြင်း |
| | **ရလဒ် ညွှန်းကိန်းများ**<br>၃.၁.၁ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက်ပြုလုပ်သော အသက်မွေးဝမ်းကျောင်းသင်တန်းများ<br>၃.၁.၂ ဆောက်လုပ်ရေးလုပ်ငန်းအတွက်ပြုလုပ်သောအသက် မွေးဝမ်းကျောင်းသင်တန်းများ<br>၃.၁.၃ ဝန်ဆောင်မှုလုပ်ငန်းများအတွက်ပြုလုပ်သော အသက် မွေးဝမ်းကျောင်းသင်တန်းများ<br>၃.၁.၄ အိမ်တွင်းကုန်ထုတ်လုပ်မှုနှင့် ပတ်သတ်သော အသက်မွေးဝမ်းကျောင်း သင်တန်းများ | ***Output SOV***<br>• စီမံကိန်းရေးဆွဲရေးနှင့် စီမံခန့်ခွဲ ရေးဌာနမှ အစီရင်ခံစာများ<br>• ကျေးရွာမှ အစီရင်ခံစာများ<br>• သင်တန်းအစီရင်ခံစားများ | |

| | | | |
|---|---|---|---|
| **ရလဒ် ၄: လူမှုစီးပွားရေး အခြေအနေ တိုးတက်ရရှိနိုင်ရေး၊ အိမ်ထောင်စုဝင်ငွေတိုးတက် ရရှိရေးနှင့် စားနပ်ရိက္ခာ လုံလောက်ရေးနှင့် အာဟာရ ပြည့်ဝရေးအတွက် ကျေးလက် အိမ်ထောင်စု များသည် လှည့်ပတ် ရန်ပုံငွေများမှ တဆင့် ချေးငွေရယူခြင်း** | **အပိုင်း ၁: အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး နှင့် ကျေးလက် ဒေသဝင်ငွေတိုးတက်ရေး**<br>**အကျိုးရလဒ် ညွှန်းကိန်းများ**<br>၄.၁ ချေးငွေရရှိအိမ်ထောင်စုရာခိုင်နှုန်းများ<br>၄.၂ လုပ်ငန်းအသစ်များတည်ရှိလာခြင်း<br>၄.၃ ဝင်ငွေတိုးတက်လာသောအိမ်ထောင်စုများရှိလာခြင်း<br>၄.၄ သီးနှံအထွက်တိုးလာခြင်းနှင့် မွေးမြူရေးတိရစ္ဆာန်များ တိုးပွားလာခြင်း | ***Outcome SOV***<br>• မြစိမ်းရောင်အစီရင်ခံစာ<br>• မြစိမ်းရောင်စီမံကိန်းအတွက် အရှုံးအမြတ်စရိတ် လက်ကျန် ရှင်းတမ်း<br>• မြို့နယ် အစီရင်ခံစာများ<br>• ကျေးရွာနှင့် အိမ်ထောင်စုစစ်တမ်း<br>• စိုက်ပျိုးရေးနှင့်ဆိုင်သော စစ်တမ်းများ | • မြစိမ်းရောင်ကျေးရွာများ အတွက်ပံ့ပိုးငွေ လုံလောက်မှုရှိခြင်း<br>• မြစိမ်းရောင်စီမံကိန်း သည် ချေးငွေများကို အတည်ပြုရန်၊ ပေးအပ် ရန်နှင့် ကောက်ခံ၍ ကျွမ်းကျင်မှုရှိခြင်း<br>• မြစိမ်းရောင်စီမံကိန်း အတွက် ငွေများ၊ ကျေးရွာများဆုံးရှုံးမှု မရှိခြင်း<br>• အဆိုပါချေးငွေများကို အသုံးချရန်လုပ်ငန်း အခွင့်အလမ်းများရှိခြင်း<br>• ချေးငွေရယူသူများသည် ငွေပေးဆပ်ရန် အသိစိတ် ရှိခြင်း |
| | **ရလဒ် ညွှန်းကိန်းများ**<br>၄.၁.၁ လှည့်ပတ်ရန်ပုံငွေရရှိသောရွာများ<br>၄.၁.၂ မြစိမ်းရောင်ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ<br>၄.၁.၃ ချေးငွေအရေအတွက်များ၊ စုစုပေါင်းချေးငွေပမာဏများ လုပ်ငန်းအမျိုးအစားအလိုက်ချေးငွေရာခိုင်နှုန်းများ<br>၄.၁.၄ ကြွေးပြန်လည်ရနိုင်သောနှုန်း | | |
| | **အပိုင်း ၂: တိုးပွားနေသောအတိုးနှင့် ကျေးရွာဖွံ့ဖြိုးမှု လုပ်ငန်းများလုပ်ကိုင်ခြင်း**<br>**အကျိုးရလဒ် ညွှန်းကိန်းများ**<br>၄.၁ လှည့်ပတ်ရန်ပုံငွေလုပ်ငန်းလုပ်ပြီး ၃နှစ် အကြာတွင် ကျေးရွာဖွံ့ဖြိုးမှုလုပ်ငန်းများလုပ်ကိုင်ရန်အတွက် တိုးပွား လာသောအတိုးရငွေများ | ***Outcome SOV***<br>• မြစိမ်းရောင်စီမံကိန်းအတွက် အရှုံးအမြတ်စရိတ် လက်ကျန် ရှင်းတမ်း<br>• မြို့နယ် အစီရင်ခံစာများ<br>• မြစိမ်းရောင်စီမံကိန်း၏ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ စစ်တမ်းများ | |

| | | | |
|---|---|---|---|
| | **ရလဒ် ညွှန်းကိန်းများ**<br>၄.၁.၁ တိုးပွာလာသောအတိုးရငွေမှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်ခြင်း<br>၄.၁.၂ တိုးပွားလာသောအတိုးရငွေမှ ကျေးရွာပိုင်ပစ္စည်း/လုပ်ငန်းများဝယ်ယူခြင်း<br>၄.၁.၃ တိုးပွားလာသောအတိုးရငွေမှ လူမှု အထောက်အပံ့အတွက်ပံ့ပိုးမှုများလုပ်ကိုင်ခြင်း | ***Output SOV***<br>• မြစိမ်းရောင်စီမံကိန်းအစီရင်ခံစာများ<br>• မြို့နယ်အစီရင်ခံစာများ<br>• မြစိမ်းရောင်စီမံကိန်း၏ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစစ်တမ်းများ | |

# SMART

**S** = Specific

**M** = Measurable

**A** = Achievable / attainable

**R** = Relevant (not realistic!)

**T** = Time bound/timely/trackable

